## အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းရေး ဥပဒေကိုပြင်ဆင်သည့်ဥပဒေ

(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၄၀။)

၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၇ ရက်

(၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေဟုခေါ်တွင် စေရမည်။

၂။ အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းရေး ဥပဒေပုဒ်မ ၁၀၏ ခေါင်းစဉ်စကားရပ်နှင့် ပုဒ်မခွဲ(က) တို့ကို အောက်ပါအတိုင်းအစားထိုးရမည်-

"၁၀။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် နေပြည်တော်အပါအဝင် ပြည်ထောင်စုနယ်မြေ တစ်ခုခု၏ကောင်စီ သို့မဟုတ်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ဦးစီးအဖွဲ့သည် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် နေပြည်တော်အပါအဝင် ပြည်ထောင်စု နယ်မြေတစ်ခုခု သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အတွင်းရှိ မြို့နယ်များတွင် အငြင်းပွားမှုညှိနှိုင်း ဖျန်ဖြေရေး အဖွဲ့ကို အောက်ပါအတိုင်းဖွဲ့စည်းရမည် -

(က) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ဥက္ကဋ္ဌပြည်နယ်အစိုးရအဖွဲ့နှင့် နေပြည်တော်အပါအဝင် ပြည်ထောင်စုနယ်မြေ တစ်ခုခု၏ကောင်စီ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့က တာဝန်ပေးအပ်သူတစ်ဦး၊"

၃။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေး ဥပဒေပုဒ်မ ၁၃ တွင်ပါရှိသော "တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့" ဆိုသည့် စကားရပ်ကို"တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် နေပြည်တော်အပါအဝင်ပြည်ထောင်စုနယ်မြေတစ်ခုခု၏ကောင်စီ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့" ဆိုသည့် စကားရပ်ဖြင့်အစားထိုးရမည်။

၄။ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ(ခ)တွင် ပါရှိသော "ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း"ဆိုသည့် စကားရပ်၏ရှေ့တွင်"နေပြည်တော်အပါအဝင် ပြည်ထောင်စု နယ်မြေ တစ်ခုခု သို့မဟုတ်" ဆိုသည့်စကားရပ်ကိုဖြည့်စွက်ရမည်။

၅။ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေပုဒ်မ ၄၃ ၏ နောက်တွင် ပုဒ်မ ၄၃-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၄၃-က။ ပုဒ်မ ၃၇ ပါ လိုက်နာရန်တာဝန်ရှိသူမည်သူမျှ ခုံသမာဓိအဖွဲ့သို့မဟုတ် ခုံသမာဓိ ကောင်စီ၏ အတည်ဖြစ်ပြီးသည့် ဆုံးဖြတ်ချက်ကိုလိုက်နာရန် ပျက်ကွက်ခြင်းမရှိစေရ။"

၆။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေ ပုဒ်မ ၄၆ တွင် ပါရှိသော "ငွေဒဏ် အနည်းဆုံး ကျပ်တစ်သိန်း ချမှတ်ရမည်"ဆိုသည့် စကားရပ်ကို"ငွေဒဏ်အနည်းဆုံး ကျပ်ငါးသိန်း ချမှတ်ရမည်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၇။ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေ ပုဒ်မ ၄၇ တွင် ပါရှိသော "ငွေဒဏ် ကျပ်သုံးသောင်းအထိ ချမှတ်နိုင်သည်" ဆိုသည့် စကားရပ်ကို "ငွေဒဏ် ကျပ်ငါးသိန်းအထိ ချမှတ်နိုင်သည်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၈။ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေ ပုဒ်မ ၄၈ တွင်ပါရှိသော "ငွေဒဏ်အနည်းဆုံး ကျပ်တစ်သိန်း ချမှတ်ရမည်" ဆိုသည့် စကားရပ်ကို "ငွေဒဏ် အနည်းဆုံး ကျပ်ငါးသိန်း ချမှတ်ရမည်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၉။ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေး ဥပဒေပုဒ်မ ၄၈ ၏ နောက်တွင် ပုဒ်မ ၄၈-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"၄၈-က။ ပုဒ်မ ၃၇ ပါ လိုက်နာရန်တာဝန်ရှိသူမည်သူမဆို ပုဒ်မ ၄၃-ကပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငွေဒဏ်အနည်းဆုံး ကျပ်တစ်ဆယ်သိန်း ချမှတ်ရမည်။ လျော်ကြေးပေးထိုက်သည့် အကြောင်းပေါ်ပေါက်ပါက တရားရုံး က ချမှတ်သည့်ငွေဒဏ်မှ သင့်လျော်သောငွေကို လျော်ကြေးအဖြစ် နစ်နာသူအား ထုတ်ပေး ရမည်။"

၁၀။ အလုပ်သမားရေးရာအငြင်းပွားမှု ဖြေရှင်းရေး ဥပဒေပုဒ်မ ၅၄ ၏နောက်တွင် ပုဒ်မ ၅၄-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၅၄-က။ ပုဒ်မ ၄၂ ပါတားမြစ်ချက်မှ အပ ဤဥပဒေပါ အခြားတားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သဖြင့် တရားစွဲဆိုရာတွင် ခုံသမာဓိ ကောင်စီ၏ ကြိုတင်ခွင့်ပြုချက် ရယူရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်